ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

နိုင်ငံ့ဝန်ထမ်းများထဲမှ အရည်အချင်းရှိသော်လည်း မီးခဲပြာဖုံးဖြစ်နေသည့်
လူ့စွမ်းအား အရင်းအမြစ်များ၊ လူကောင်း၊ လူတော်များ
ဖော်ထုတ်နိုင်ရေးအတွက် ရည်ရွယ်၍ ကျင်းပပြုလုပ်သော
အလုပ်ရုံဆွေးနွေးပွဲမှတ်တမ်း
အမှတ်စဉ် – (၁၁)

# အားလုံးအတွက် အဟန့်အတားမဲ့ခရီးသွား
# Barrier Free Tourism for All

နေပြည်တော်

၂၁–၄–၂၀၂၂ ခုနှစ်

## Barrier Free Tourism for All “အားလုံးအတွက် အဟန့်အတားမဲ့ခရီးသွားလုပ်ငန်း”

## အလုပ်ရုံဆွေးနွေးပွဲ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ် | ၁-၂ |
| ၂ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ အဖွင့်အမှာစကား | ၃-၄ |
| ၃ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ အဖွင့်အမှာစကား | ၅-၆ |
| ၄ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ နိဂုံးချုပ်အမှာစကား | ၇-၉ |
| ၅ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး၏ ဆွေးနွေးတင်ပြခြင်း | ၁၁-၂၁ |
| ၆ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်၏ ဆွေးနွေးတင်ပြခြင်း | ၂၃-၃၈ |
| ၇ | နေပြည်တော်ကောင်စီ၊ လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်မှ ဆွေးနွေးတင်ပြခြင်း | ၃၉-၄၃ |
| ၈ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) ဥက္ကဋ္ဌ ဦးနောင်းနောင်းဟာန်မှ ဆွေးနွေးတင်ပြခြင်း | ၄၅-၄၈ |
| ၉ | အုပ်စု (က) ၏ ဆွေးနွေးတင်ပြချက် | ၄၉-၅၃ |
| ၁၀ | အုပ်စု (ခ) ၏ ဆွေးနွေးတင်ပြချက် | ၅၅-၆၅ |
| ၁၁ | အုပ်စု (ဂ) ၏ ဆွေးနွေးတင်ပြချက် | ၆၇-၇၅ |
| ၁၂ | အုပ်စု (ဃ) ၏ ဆွေးနွေးတင်ပြချက် | ၇၇-၉၁ |
| ၁၃ | အလုပ်ရုံဆွေးနွေးပွဲ ရလာဒ်များ | ၉၃-၉၆ |
| ၁၄ | အလုပ်ရုံဆွေးနွေးပွဲ မှတ်တမ်းဓါတ်ပုံများ | ၉၇-၁၀၁ |

## Barrier Free Tourism for All "အားလုံးအတွက် အဟန့်အတားမဲ့ခရီးသွားလုပ်ငန်း"
## အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်

| | | |
|---|---|---|
| နေ့ရက် | - | ၂၁-၄-၂၀၂၂ (ကြာသပတေးနေ့) |
| အချိန် | - | နေ့လယ် (၁၃:၀၀) နာရီမှ ညနေ (၁၇:၃၀) နာရီအထိ |
| နေရာ | - | ကျောက်စိမ်းခန်းမ<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော် |

| | | |
|---|---|---|
| အစီအစဉ် ( ၁ ) | အလုပ်ရုံဆွေးနွေးပွဲ ဖွင့်လှစ်ခြင်း | (၁:၀၀) |
| အစီအစဉ် ( ၂ ) | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ အဖွင့်အမှာစကား ပြောကြားခြင်း | (၁:၀၀-၁:၃၀) |
| အစီအစဉ် ( ၃ ) | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးမှ အမှာစကားပြောကြားခြင်း | (၁:၃၀-၂:၀၀) |
| အစီအစဉ် ( ၄ ) | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းမှ အမှာစကားပြောကြားခြင်း | (၂:၀၀-၂:၁၅) |
| အစီအစဉ် ( ၅ ) | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးမှ ဆွေးနွေး ပြောကြားခြင်း | (၂:၁၅-၂:၃၅) |
| အစီအစဉ် ( ၆ ) | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်မှ ဆွေးနွေးတင်ပြခြင်း | (၂:၃၅-၂:၅၅) |
| အစီအစဉ် ( ၇ ) | နေပြည်တော်ကောင်စီ၊ လူမှုဝန်ထမ်းရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်မှ ဆွေးနွေးတင်ပြခြင်း | (၂:၅၅-၃:၁၅) |
| အစီအစဉ် ( ၈ ) | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) ဥက္ကဋ္ဌ ဦးနောင်နောင်ဟန်မှ ဆွေးနွေး တင်ပြခြင်း | (၃:၁၅-၃:၃၅) |

| | | |
|---|---|---|
| အစီအစဉ် ( ၉ ) | အဖွဲ့ (၄) ဖွဲ့ခွဲ၍ အဖွဲ့လိုက်ဆွေးနွေးခြင်း | (၃:၃၅-၄:၀၀) |
| အစီအစဉ် (၁၀) | အဖွဲ့(၄) ဖွဲ့ ကိုယ်စားလှယ်များမှ Panel Discussion ပြုလုပ်တင်ပြခြင်း | (၄:၀၀- ၄:၅၀) |
| အစီအစဉ် (၁၁) | Question & Answer ပြုလုပ်ခြင်း | (၄:၅၀-၅:၀၀) |
| အစီအစဉ် (၁၂) | Moderator ညွှန်ကြားရေးမှူးချုပ်၊ ဦးမောင်မောင်ကျော်မှ ဆွေးနွေးချက်ရလဒ်များကို အခြေခံ၍ Barrier Free Tourism အတွက် လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်ဖော်ထုတ်တင်ပြခြင်း | (၅:၀၀-၅:၁၀) |
| အစီအစဉ် (၁၃) | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းမှ ဆွေးနွေးချက်ရလဒ်များအပေါ် သုံးသပ်အကြံပြုတင်ပြခြင်း | (၅:၁၀-၅:၂၀) |
| အစီအစဉ် (၁၄) | ပြည်ထောင်စုဝန်ကြီးမှ နိဂုံးချုပ်အမှာစကား ပြောကြားခြင်း | (၅:၂၀-၅:၃၀) |
| အစီအစဉ် (၁၅) | အလုပ်ရုံဆွေးနွေးပွဲ ပြီးမြောက်ခြင်း | (၅:၃၀) |

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် ၂၀၂၂ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ကျင်းပသည့် "အားလုံးအတွက် အဟန့်အတားမဲ့ခရီးသွားလုပ်ငန်း" (Barrier Free Tourism for All) အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် ပြောကြားသော အဖွင့်အမှာစကား**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး တွင် (၂၀၂၂/၁) အမျိုးသားကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် က ကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် Barrier Free Tourism Pilot Project ဆက်စပ်ဝန်ကြီးဌာနများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ဆက်စပ်အဖွဲ့အစည်းများ ပူးပေါင်း၍ လုပ်ငန်းစီမံချက်ရေးဆွဲရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊

ကိုဗစ်အလွန်ကာ ၁၉–လတွင် Barrier Free Tourism ကို အကောင်အထည်ဖော်ဆောင် ခြင်းဖြင့်မသန်စွမ်းသူများအတွက်သာမက ခရီးသွားလာရန်ခက်ခဲသူများအပါအဝင် ခရီးသွားပြည်သူ များအားလုံးအတွက် အကျိုးကျေးဇူးရရှိစေမှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူ များအတွက် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် မသန်စွမ်းသူဦးရေ ၄ နိုင်ငံ့လူဦးရေ၏) သန်း (၃.၂).၆ ခန့် ရှိသည့်အတွက် (% နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူမျာ ားအတွက် ပြန်လည်ထူထောင်ရေးနှင့် ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းသူများအနေဖြင့် လူ့အဖွဲ့ အစည်းအတွင်းပါဝင်လှုပ်ရှားနိုင်ရေးအတွက် မသန်စွမ်းမှုအခြေအနေအလိုက် ကူညီပံ့ပိုးဆောင်ရွက် ပေးခြင်းဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများကိုလည်း ဖော်ဆောင်ပေးရာ ရောက်ပါကြောင်း၊ ခရီးသွားလုပ်ငန်းတွင် မသန်စွမ်းသူများအတွက် အလွယ်တကူသွားလာနိုင်ရေး အပါအဝင် အများ ပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်တို့တွင်လည်း အဆင်ပြေချောမွေ့စေရေး စီစဉ်ဆောင်ရွက် ပေးသွားရန် လိုအပ်ပါကြောင်း၊

ကုလသမဂ္ဂမှ ထုတ ််ပြန်ထားသောစာရင်းအရ ၂၀၂၀ ပြည့်နှစ်က ကမ္ဘာတစ်ဝှမ်းတွင် အသက် သန်းရှိပါကြောင်း၊ အိမ်နီးချင်း (၇၂၇) နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေမှာ (၆၅) အာဆီယံနိုင်ငံများတွင်လည်း မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် Barrier Free စသဖြင့် ခရီးသွားလုပ်ငန်းများ ဆောင်ရွက် Chair Tour Wheel ၊Tourism Accessible ၊Tourism လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် နှစ် (၆၀)နှင့် အထက်သက်ကြီးရွယ်အိုဦးရေ ကို အကောင် Barrier Free Tourism သန်းရှိသဖြင့် ယခုကဲ့သို့ (၅.၄) အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် လူမှုရေးအကျိုးအမြတ်သာမက စီးပွားရေးအကျိုးအမြတ်ပါ ရရှိ နိုင်မှာဖြစ်ပါကြောင်း၊ အခြားနိုင်ငံများတွင် မသန်စွမ်းသူများနှင့်သက်ကြီးရွယ်အိုများ၏ လိုအပ်ချက် များကို သိရှိနိုင်ရေး အတွက် ၎င်းတို့၏ အကြံဉာဏ်များကို ရယူခြင်း၊ သုတေသနပြုလုပ်ခြင်းများ ဆောင်ရွက်ကြသည်ကို သိရှိရပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံတွင်လည်း Barrier Free Tourism အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိုကဲ့သို့ နမူနာရယူထည့်သွင်း ဆောင်ရွက်ပြီး ဆက်စပ်

အဖွဲ့အစည်းများဖြင့်လည်း ပူးပေါင်းဆောင်ရွက်ပေးပါရန်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲအား ဦးဆောင်ကျင်းပပေးသည့် Free Tourism Barrier အတွက် ကျေးဇူးတင်ရှိပါ ကြောင်းပြောကြားပါသည်။

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် ၂၀၂၂ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ကျင်းပသည့် "အားလုံးအတွက် အဟန့်အတားမဲ့ခရီးသွားလုပ်ငန်း (Barrier Free Tourism for All) အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင် ပြောကြားသော အဖွင့်အမှာစကား**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်က အဖွင့်အမှာစကားပြောကြားရာ၌ ခရီးသွားလုပ်ငန်းဟုဆိုရာတွင် လူသားတို့အနေဖြင့် ၎င်းတို့ နေထိုင်ရာ မူလဒေသမှ အခြားနေရာဒေသတစ်ခုသို့ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး ရည်ရွယ်ချက်များဖြင့် သွားရောက်လည်ပတ်သည့် ကိစ္စရပ်ဖြစ်ပြီး ခရီးသွားဧည့်သည်ဟုဆိုရာတွင်လည်း တစ်နှစ်ထက် နည်းသော အချိန်ကာလအတွင်း ခရီးသွားလာခြင်းကိုဆိုလိုပါကြောင်း၊ ထိုမှတစ်ဆင့် ခရီးသွားဧည့်သည် အမျိုးအစားများခွဲခြားပြီး ခရီးသွားလုပ်ငန်းအမျိုးအစားများအလိုက် အဆင်ပြေစွာသွားလာလည်ပတ်နိုင်ရေးကို ဆောင်ရွက်လာကြရာမှ နောက်ပိုင်းတွင် မသန်စွမ်းခရီးသွားများအတွက်ပါ လွယ်ကူအဆင်ပြေစွာသွားလာနိုင်ရန် ထည့်သွင်းစဉ်းစားလာခဲ့ပါကြောင်း၊ ခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသ၌ အချိန်ကြာမြင့်စွာနေထိုင်လည်ပတ်ခြင်းကြောင့် ဒေသခံများ၏ လူမှုစီးပွားဘဝအတွက် အကျိုးကျေးဇူးများရရှိသကဲ့သို့ ဆိုးကျိုးများလည်းရှိသောကြောင့် ရေရှည်တည်တံ့နိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊ အကဲဖြတ်ခြင်းများဖြင့် ဟန်ချက်ညီစွာ ကိုင်တွယ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊

ယခုအခါ ခရီးသွားပြည်သူများအတွက် လေ့လာအပန်းဖြေခြင်းဆိုင်ရာ ခရီးသွားလုပ်ငန်းအမျိုးအစား စုံလင်စွာဖော်ထုတ်လာကြရာ ခရီးသွားလာရန် အခက်အခဲရှိသည့် မသန်စွမ်းသူများ၊ ခရီးသွားလာရန်ခက်ခဲသူများအတွက် လွယ်ကူချောမွေ့သော ခရီးသွားဝန်းကျင်အခြေအနေကောင်းများကို ဖန်တီးဖော်ဆောင်ပေးကြရန်လိုအပ်ပါကြောင်း၊ ထိုသို့ဖော်ဆောင်ရာတွင်လည်း ခရီးသွားများ၏ စိတ်ကျေနပ်မှုနှင့် ဘေးကင်းလုံခြုံမှုရရှိရေးတို့ကိုပါ ထည့်သွင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စာရင်းများအရ လက်ရှိတွင် ကမ္ဘာ့နိုင်ငံများ၌ အသက် (၆၀) နှစ် အထက် သက်ကြီးဦးရေ၏ (၄၆) ရာခိုင်နှုန်းကျော်သည် မသန်စွမ်းသူများ ဖြစ်သည်ကိုသိရှိရပါကြောင်း၊ မသန်စွမ်းသူများအတွက် ခရီးသွားလုပ်ငန်းကဏ္ဍ၌ အတားအဆီးဟုဆိုရာတွင် ပို့ဆောင်ရေးဆိုင်ရာ အတားအဆီးများ၊ဗိသုကာဆိုင်ရာအတားအဆီးများ၊ အဆောက်အဦဆိုင်ရာအတားအဆီးများဟု ယေဘုယျခွဲခြားထားရှိပါကြောင်း၊ ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ရာတွင် အဆိုပါအတားအဆီးများအား အဟန့်အတားမဲ့ သွားလာလည်ပတ်နိုင်ရေးအတွက် ထည့်သွင်းစီစဉ်ပေးရန်လိုအပ်ပါကြောင်း၊

သို့ဖြစ်ရာ ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌဒုတိယဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မသန်စွမ်းသူများ အဟန့်အတားမဲ့ ခရီးသွားလာနိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခရီးစဉ်ဒေသများ၌ စီမံချက်ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် (Barrier Free Tourism Pilot Project) နယ်ရုံးခွဲ တာဝန်ခံများဖြင့် ယခုလဆန်းပိုင်းကလည်း အစည်းအဝေးပြုလုပ်ခဲ့ပါကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲက ဆက်စပ်ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များ၊ ခရီးသွားလုပ်ငန်းနယ်ပယ်မှ ကျွမ်းကျင်ပညာရှင်များနှင့်

ဆရာ/ဆရာမများပါဝင်၍ လက်တွေ့ကျကျ တွင်တွင်ကျယ်ကျယ် အကောင်အထည်ဖော်နိုင်ရေး အတွက် ကျင်းပပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊

ကနဦးအစီအစဉ်အဖြစ် ဟိုတယ်/အဆောက်အဦများတွင် မသန်စွမ်းခရီးသွားဧည့်သည်များ ကို ဝန်ဆောင်မှုပေးအပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးစဉ်နေရာများ တွင်လည်း ဗိသုကာဆိုင်ရာ အတားအဆီးများဖြေလျှော့နိုင်ရန်အတွက် အစီအမံများ ထည့်သွင်း ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထိုသို့ပြင်ဆင်ကြရာတွင်လည်း ယခုဖြစ်ပေါ် နေသော ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေး ကျန်းမာရေးဆိုင်ရာနှင့် ခရီးသွားကန့်သတ်ချက် အတားအဆီးများကိုလည်း သတိမူထည့်သွင်းစဉ်းစားကြရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ခရီးသွား လုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် လွယ်ကူချောမွေ့စွာသွားလာနိုင်သော ခရီးသွားလုပ်ငန်း (Accessible Tourism)တွင်လုပ်ဆောင်သင့်သော အချက်များရေးဆွဲထုတ်ပြန်ထားရှိသကဲ့သို့ နိုင်ငံတော်အစိုးရ နှင့် ဝန်ကြီးဌာနတို့ကလည်း မသန်စွမ်းခရီးသွားများအတွက် ဆောင်ရွက်သင့်သော အချက်များ ပါဝင်သည့် အစီအစဉ်များချမှတ်ရေးဆွဲထားပါကြောင်း၊ ထို့ကြောင့် ခရီးစဉ်ဒေသများသို့ ခရီးသွား လာရန်ခက်ခဲသူများ အဟန့်အတားမဲ့ လွယ်ကူစွာ သွားလာလည်ပတ်နိုင်ရေးအတွက် Barrier Free Tourism Pilot Project ကို ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနတစ်ခုတည်းသာမက ဆက်စပ်ဌာနများ၊ အသင်း အဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များ အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားပါသည်။

**"အားလုံးအတွက် အဟန့်အတားမဲ့ခရီးသွားလုပ်ငန်း (Barrier Free Tourism for All) အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ပြောကြားသော နိဂုံးချုပ်အမှာစကား**

ယနေ့ကျင်းပပြုလုပ်သော အားလုံးအတွက် အဟန့်အတားမဲ့ခရီးသွားလုပ်ငန်း (Barrier Free Tourism) အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းပံ့ပိုးကူညီပေးသော လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့ဝင်များ၊ ပါဝင်တက်ရောက်ကျသော တက္ကသိုလ်များမှ ဆရာ၊ ဆရာမများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊

မိမိတို့ရည်မှန်းထားသောလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်(မူကြမ်း) အား ဆွေးနွေး၍ မိမိတို့ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးခွဲတာဝန်ခံများသို့ ဝေမျှထားပြီးဖြစ်ပါကြောင်း၊ အဆိုပါစီမံချက်(မူကြမ်း) အပေါ်မူတည်၍ ဆွေးနွေးတင်ပြချက်များ ရှိပါကြောင်း၊ ထို့အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ Barrier Free နှင့်ပတ်သက်၍ နိုင်ငံတော်အဆင့်ဗဟိုကော်မတီအစည်းအဝေးများကျင်းပခဲ့ပါကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်မှ အလေးထားဆောင်ရွက်နေသည့်အတွက် မိမိတို့အနေဖြင့် ယနေ့ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်းနှင့် ဆွေးနွေးပွဲရလာဒ်များအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှိလာပါကြောင်း၊ ပထမဦးစွာ လုပ်ငန်းစီမံချက်ရေးဆွဲရန်ဖြစ်ကြောင်း၊ စီမံချက်၌ ဦးစားပေး၊ ကာလတို၊ ကာလလတ်၊ ကာလရှည် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ စဉ်းစားလျာထားရန်လိုအပ်ကြောင်း၊ ဦးစားပေးကာလ၌ ချက်ချင်းလုပ်ဆောင်ရန်လိုအပ်သည့် လုပ်ငန်းစဉ်များလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ကာလတို (၁-၂နှစ်)၊ ကာလလတ် (၃-၄နှစ်) နှင့်ကာလရှည် (၅ နှစ်နှင့်အထက်) စသည်တို့တွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို လျာထားစဉ်းစားရန်လိုအပ်ပါကြောင်း၊

မိမိအနေဖြင့် ပဏာမတင်ပြလိုသည်မှာ အဟန့်အတားမဲ့ခရီးသွား လုပ်ငန်းနှင့်ပတ်သက်၍ ယခုမှစတင်လုပ်ဆောင်သည် မဟုတ်ပါကြောင်း၊ လုပ်ဆောင်နေသည်မှာ ယခင်တည်းကပင်ဖြစ်ကြောင်း၊ ယခုအခါ မိမိတို့ဒေသအလိုက်ခွဲ၍ ပီပီပြင်ပြင်လုပ်ဆောင်ရန်သာ လိုအပ်ပါကြောင်း၊ ယနေ့တွင် အချက်အလက်များကို အချိန်အကန့်အသတ်ဖြင့်သာ တင်ပြရသည်ဖြစ်၍ ထိုမျှမကအချက်အလက်၊ အကြောင်းအရာများစွာရှိနေပါသေးကြောင်း၊ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ၍ လေ့လာရန်လိုအပ်ကြောင်း၊ ဥပမာ နေပြည်တော်ရှိ ဟိုတယ်များအား အဆင့်အတန်းတစ်ခုသတ်မှတ်ခွဲခြမ်း၍ အဟန့်အတားမဲ့ခရီးသွားလုပ်ငန်းဖော်ဆောင်ရန် လိုအပ်သည့် အချက်အလက်များ၊ တည်ဆောက်မှုပုံစံ၊ လမ်းပန်းဆက်သွယ်ရေး စသည်အားဖြင့် ထည့်သွင်းစဉ်းစားသွားရန်လိုအပ်ပါကြောင်း၊ ထိုမှတစ်ဆင့် ပြင်ဆင်ပြောင်းလဲရန် လိုအပ်သည့် မူဝါဒများ၊ စည်းမျဉ်း၊ စည်းကမ်းများအား သုံးသပ်သွားရန်ဖြစ်ပါကြောင်း၊ ထို့နောက် လုပ်ထုံး လုပ်နည်းများနှင့်အညီအမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်သွားရမည်ဖြစ်ကြောင်း၊

ဟိုတယ်များတည်ဆောက်ရာ၌ အဟန့်အတားမဲ့ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်သည့် အချက်အလက်များ ထည့်သွင်းဖော်ပြသွား၍ အမျှော်အမြင်ရှိစွာဖြင့် အကောင်အထည်ဖော်

ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက်လည်း တာဝန်ရှိသူများ ထံအဆင့်ဆင့်တင်ပြအတည်ပြုချက် ရယူဆောင်ရွက်သွားရန်လိုပါကြောင်း၊

ထိုမှတစ်ဆင့် ပထမအချက်အနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ရုံးခွဲတာဝန်ခံများ သည် ဟိုတယ်အသစ်များ ဆောက်လုပ်ခွင့်တင်ပြလာရာတွင် အဟန့်အတားမဲ့ ခရီးသွားလုပ်ငန်း နှင့်ပတ်သက်၍ ဥပဒေတွင်ပါရှိသည့် ထည့်သွင်းရန် လိုအပ်သည့်အချက်အလက်များအား လုပ်ငန်း ရှင်များအား အသိပညာပေးရန်နှင့် သက်ဆိုင်ရာဝန်ကြီးချုပ်များ ဦးဆောင်သည့် ဒေသဆိုင်ရာခရီး သွားလုပ်ငန်းကော်မတီများမှတစ်ဆင့် စိစစ်၍ ကြိုတင်ခွင့်ပြုမိန့်ပေးနိုင်ရန် အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊

ဒုတိယအချက်အနေဖြင့် တည်ဆောက်ပြီး ဟိုတယ်များတွင်လည်း အဟန့်အတားမဲ့ခရီး သွားလုပ်ငန်းအတွက် အထောက်အကူပြုပစ္စည်းများ ထည့်သွင်းပြင်ဆင် ဆောင်ရွက်နိုင်ပါကြောင်း၊ Toilet များ၊ Wheel Chair များ အတက်အဆင်းပြုလုပ်နိုင်သည့် ဆင်ခြေလျှောများ အစရှိသည်ဖြင့် ထည့်သွင်းတည်ဆောက်သွားရန် လိုအပ်ပါကြောင်း၊ Barrier Free Tourism နှင့်ပတ်သက်၍ ဝန်ဆောင်မှုပေးသွားနိုင်ရန်အတွက် မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

ကိုဗစ်-၁၉ အလွန်ကာလများတွင် ကာကွယ်ရေးနည်းလမ်းများအား လိုက်နာကျင့်သုံးနေ သကဲ့သို့ မိမိတို့ ဟိုတယ်သို့လာရောက်တည်းခိုသူများအနက် မသန်စွမ်းပုဂ္ဂိုလ်များအား နေရာ မရွေးကူညီ၍ ဝန်ဆောင်မှုပေးနိုင်ရန်လည်း လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်နိုင်ရန် အတွက်လည်း လိုအပ်သည့်မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများ ပြုပြင်ပြောင်းလဲသွားနိုင်ရန် ဝန်ကြီး ဌာနအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးတာဝန်ရှိသူများနှင့် သဘောထားရယူ၍ သဘောတူညီမှု ရရှိပါက တင်ပြအတည်ပြုချက်ရယူကာ လက်ရှိတည်ဆဲ ဥပဒေ၊ အမိန့်များတွင် ဖြည့်စွက်ထုတ်ပြန် နိုင်မည်ဖြစ်ပါကြောင်း၊

ကြိုတင်ပြင်ဆင်သွားရန်အပိုင်းအနေဖြင့် လက်ရှိတည်ဆောက်ပြီးသော ဟိုတယ်များတွင် Barrier Free Tourism နှင့်ပတ်သက်၍ ဝန်ဆောင်မှုပေးသွားနိုင်ရန် လိုအပ်ချက်များအား တဖြည်းဖြည်းထည့်သွင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နေပြည်တော်အပါအဝင် ပြည်နယ် နှင့်တိုင်းဒေသကြီးများရှိ တာဝန်ခံများအနေဖြင့် သေချာစွာမှတ်သား၍ မိမိတို့ သက်ဆိုင်ရာဒေသ အလိုက် ဟိုတယ်နှင့်တည်းခိုရိပ်သာများအား အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း နှင့် ရုံးခွဲတာဝန်ခံများအနေဖြင့် စိတ်အားထက်သန်စွာဖြင့် တာဝန်ရှိသူအဆင့်ဆင့်ထံ တင်ပြ အတည် ပြုချက်ရယူ၍ စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊

ထို့အပြင် ဟိုတယ်အသစ်များတည်ဆောက် ခွင့်တင်ပြလာရာတွင် Barrier Free Tourism နှင့် ပတ်သက်၍ လိုအပ်သည့် ပြည်နယ်နှင့် တိုင်း ဒေသကြီးများအလိုက် သတ်မှတ်ချက်များကို ဝန်ကြီးဌာနအနေဖြင့် တင်ပြလာသောအချက်အလက်များ၊ လေ့လာသုံးသပ်ချက်များအပေါ် မူတည်၍ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဟိုတယ်များနှင့်ပတ်သက်၍ စည်းမျဉ်း၊ စည်းကမ်းများအား လိုက်နာသွားရန်လိုအပ်ကြောင်း၊ ဥပမာအားဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ပန်းခင်း စီမံချက်ချမှတ်၍ နိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကဒ်များရရှိရေး ဆောင်ရွက်ပေး လျက်ရှိပါကြောင်းနှင့် ဟိုတယ်များ၌ လာရောက်တည်းခိုသူများအနေဖြင့် နိုင်ငံသား စိစစ်ရေးကဒ်

များပြသနိုင်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကဒ်များမပါရှိပါက လက်ခံဆောင်ရွက်ခြင်းမပြုရန်လိုအပ်ကြောင်းနှင့် တာဝန်ရှိသူအဆင့်ဆင့်သည် နားလည်သဘောပေါက်ထားရန်လိုကြောင်း၊ အကယ်၍ လက်ခံဆောင်ရွက်မိပါက မလိုအပ်သောပြဿနာများ ပေါ်ပေါက်လာနိုင်ပါကြောင်း၊ နိုင်ငံတစ်ဝန်းရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းများ အားလုံးအနေဖြင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို တစ်ပြေးညီလိုက်နာကျင့်သုံးရန် လိုအပ်ပါကြောင်း၊

နိုင်ငံတကာ ခရီးသွားဧည့်သည်ဝင်ရောက်မှုအား ပြန်လည်ဖွင့်လှစ် ဆောင်ရွက်နေသည့် ကာလဖြစ်သည့်အတွက် ဧည့်သည်များ ပိုမိုဝင်ရောက်လာမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် နိုင်ငံတကာလေကြောင်းခရီးသွား ဧည့်သည်များအနေဖြင့် ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများအား သေချာစွာနားလည် သဘောပေါက်ရန်နှင့်လိုက်နာရန်လိုအပ်ပါကြောင်း၊ မလိုက်နာပါက လုပ်ငန်းဆောင်ရွက်နေသည့် ဌာနဆိုင်ရာများတွင် အခက်အခဲများ ဖြစ်ပေါ်နိုင်ပါကြောင်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံးပါက အဆင်ပြေချောမွေ့စွာသွားလာနိုင်မည်ဖြစ်ကြောင်းနှင့် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့သည် လုပ်ငန်းများအောင်မြင်စွာပြီးမြောက်ရန်အတွက် ဖြစ်နိုင်သည့် နည်းလမ်းများအား အဆင့်ဆင့် စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွား၍ နောက်ပိုင်းတွင် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်း ပါဝင်လာပါက ပိုမိုအောင်မြင်မည်ဖြစ်ပါကြောင်း၊

ယနေ့ဆွေးနွေးပွဲသို့ တက်ရောက်လာသူ အားလုံးအား ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက်တင်ပြ၍ လက်ရှိအခြေအနေအား အကောင်းဆုံးပြင်ဆင်ဆောင်ရွက်ပေးနိုင်ရန်နှင့် ဟိုတယ်အသစ်များ ဆောက်လုပ်ခွင့်နှင့်ပတ်သက်၍ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ နောက်ပိုင်း တည်ဆောက်ရေးကဏ္ဍများတွင် Barrier Free Tourism နှင့်ပတ်သက်၍ သဘောပေါက်နားလည်မှုများရှိလာပြီး ထည့်သွင်းတည်ဆောက်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် လိုအပ်သည်များကူညီပံ့ပိုးပေးသွားပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး၏ ဆွေးနွေးတင်ပြချက် Power Point**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြန်လည်ထူထောင်ရေးဦးစီးဌာန

Barrier Free Tourism နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း

ဦးအောင်ကျော်မိုး၊ ညွှန်ကြားရေးမှူးချုပ်

နေရာ၊ နေ ပြည် တော် ။

ရက်စွဲ၊ ၂၁ - ၄ -၂၀၂၂ ။

## တင်ပြမည့်အစီအစဉ်

၁

- မသန်စွမ်းမှုနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေ (ကမ္ဘာ၊ မြန်မာ)၊
- မသန်စွမ်းသူ အဓိပ္ပာယ်၊
- မသန်စွမ်းမှု အဓိပ္ပာယ်၊
- (၂၀၀၈)ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ (UNCRPD)၊ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းမှု၊ ဥပဒေ၊ နည်းဥပဒေများ နှင့် မဟာဗျူဟာချမှတ်ဆောင်ရွက်ခြင်း၊
- မသန်စွမ်းသူများ အလွယ်တကူ လက်လှမ်းမီရရှိအသုံးပြုနိုင်ရေး (Accessibility)၊
- မသန်စွမ်းသူများခရီးသွားလာနိုင်ရေးတွင် အတားအဆီးဖြစ်စေသောအချက်များ၊
- ခရီးသွားလုပ်ငန်းတွင် မသန်စွမ်းသူများ ကြုံတွေ့ရလေ့ရှိသည့် အတားအဆီးများ၊
- အရှေ့တောင်အာရှနိုင်ငံများမှ အတားအဆီးကင်းစွာသွားလာနေထိုင်နိုင်ရေးဆောင်ရွက်မှုများ၊
- မသန်စွမ်းသူများ ခရီးသွားလာနိုင်ရေး ယေဘုယျလိုအပ်ချက်များ၊
- နိဂုံး။

## မသန်စွမ်းမှုနှင့် စပ်လျဉ်း၍ လက်ရှိအခြေအနေ (ကမ္ဘာ၊ မြန်မာ)

၂

- ကမ္ဘာ့အခြေအနေ

  - WHO မှ ၂၀၂၁ ခုနှစ် နိုဝင်ဘာတွင်ထုတ်ပြန်သည့် စာရင်းအရ လူဦးရေ သန်းတစ်ထောင်ကျော် (ကမ္ဘာလူဦးရေ၏ ၁၅% ခန့်) သည်မသန်စွမ်းသူများဖြစ်၊ မသန်စွမ်းသူဦးရေသည်ဆက်လက်တိုးလာနေမည်ဖြစ်၊
  - UN မှထုတ်ပြန်သည့်စာရင်းအရ ၂၀၂၀ ခုနှစ်တွင် အသက်(၆၅)နှစ် အထက် အသက်ကြီးသူဦးရေ (၇၂၇ သန်း)ရှိပြီး ၂၀၅၀ ပြည့်နှစ်တွင်း အသက်ကြီးသူ ဦးရေ သန်း (၁,၅၀၀) အထိရှိမည်ဟုခန့်မှန်းထားရှိ၊







- မြန်မာ့အခြေအနေ

  - ၂၀၁၄ခုနှစ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင်မသန်စွမ်းသူဦးရေသည် ၄.၆ ရာခိုင်နှုန်း (၂.၃သန်း) ခန့်ရှိ၊
  - ၂၀၁၄သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အသက်(၆၀)နှစ်အထက် အသက်ကြီးသူ (၄.၅ သန်း)ရှိပြီး (၂၀၅၀)ပြည့်နှစ်တွင် အသက်ကြီးသူ (၁၃ သန်း) အထိရှိမည်ဟု ခန့်မှန်းထားရှိ။

## မသန်စွမ်းသူ အဓိပ္ပာယ်

၃

- **မသန်စွမ်းသူ**

  - မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ဉာဏ်ရည် ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များ ကိုရေရှည်ခံစားနေရသူ။ (မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်)



၄

## မသန်စွမ်းမှု အဓိပ္ပာယ်

- **မသန်စွမ်းမှု**
  - ပတ်ဝန်းကျင်ရုပ်ပိုင်းဆိုင်ရာ စိတ်သဘောထားအမြင်ပိုင်းဆိုင်ရာနှင့် အခြားအတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝ ပါဝင်လှုပ်ရှားနိုင်မှုမရှိခြင်း။ (မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်)





၅

## ဖွဲ့စည်းပုံအခြေခံဥပဒေ၊ UNCRPD၊ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့် မဟာဗျူဟာချမှတ်ဆောင်ရွက်ခြင်း

- **(၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ**
  - (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁)၊ အပိုဒ် ၃၂ (က) တွင် နိုင်ငံတော်သည် မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည် ဟု ဖော်ပြပါရှိ၊




- **ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (UNCRPD)**
  - ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (UNCRPD) ကို ၂၀၀၆ ခုနှစ် တွင်ထုတ်ပြန်ခဲ့ပြီး မြန်မာနိုင်ငံအနေ ဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ (၇) ရက်နေ့ တွင် လက်မှတ်ရေးထိုး အတည်ပြုခဲ့၊

CRPD CONVENTION ON THE RIGHTS OF PERSONS WITH DISABILITIES

- **မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ**
  - မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို (၂၀၁၇) ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၁ခုနှစ်၊ စက်တင်ဘာ (၃၀)ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့၊

၆

**မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ**

- မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီကို (၂၀၁၈)ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး (၂၀၂၁) ခုနှစ် အောက်တိုဘာ (၈)ရက်တွင် ပြင်ဆင်ဖွဲ့စည်းထားရှိ

**မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ**

- မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို (၂၀၁၅) ပြဋ္ဌာန်းခဲ့ပြီး ဥပဒေ၊ အခန်း (၇) တွင် မသန်စွမ်းသူများ လွယ်ကူစွာသွားလာ နေထိုင် အသုံးပြုနိုင်ရေး ပြဋ္ဌာန်းထားရှိ

**မသန်စွမ်းသူများ၏အခွင့်အရေးနည်းဥပဒေများ**

- မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို (၂၀၁၅) ပြဋ္ဌာန်းခဲ့ပြီး ဥပဒေ၊ အခန်း (၅) တွင် မသန်စွမ်းသူများ လွယ်ကူစွာသွားလာ နေထိုင် အသုံးပြုနိုင်ရေး ပြဋ္ဌာန်းထားရှိ

**မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅)နှစ်စီမံကိန်း (၂၀၂၂ - ၂၀၂၇)**

- အတည်ပုပြားရှိပီးဖြစ်သည့်မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅)နှစ်စီမံကိန်း (၂၀၂၂ - ၂၀၂၇) တွင် မသန်စွမ်းသူများသည် ကိုယ်၊ စိတ်နှစ်ပါး လုံခြုံဘေးကင်းစွာဖြင့်လူ့အဖွဲ့အစည်းအတွင်းအများနည်းတူပါဝင်ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ "အလွယ်တကူ လက်လှမ်းမီရယူအသုံးပြုနိုင်မှု" ကိုအခန်း တစ်ခန်း အဖြစ် ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်။







၇

## မသန်စွမ်းသူများ အလွယ်တကူလက်လှမ်းမီရရှိနိုင်မှု (Accessibility)

**မသန်စွမ်းသူများ အလွယ်တကူလက်လှမ်းမီရရှိနိုင်မှု (Accessibility)**

- မသန်စွမ်းသူများ၏ ဘဝတစ်လျှောက်တွင် ကဏ္ဍအားလုံး၌ အပြည့်အဝပါဝင်ဆောင်ရွက်နိုင်ရန်နှင့် အမှီအခိုကင်းစွာနေထိုင်နိုင်စေရန်အတွက် အခြားသူများနည်းတူ ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်၊သယ်ယူပို့ဆောင်ရေး ကဏ္ဍ၊ သတင်းနှင့်နည်းပညာစနစ်များ အပါအဝင် သတင်းနှင့်ဆက်သွယ်ရေးကဏ္ဍ၊ အများပြည်သူအတွက် ဖြည့်စည်းပေးထားသော (သို့မဟုတ်) ဖွင့်လှစ်ပေးထားသော အခြားကူညီပံ့ပိုးမှုများနှင့်ဝန်ဆောင်မှုများကို သေချာစွာရရှိစေရန် သင့်လျော်သော စီမံဆောင်ရွက်မှုများကို မြို့ပြနှင့်ကျေးလက်ဒေသနှစ်ခုစလုံး တွင် လုပ်ဆောင်ပေးခြင်း။(ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် UNCRPD ပါ အဓိပ္ပာယ် ဖွင့်ဆိုချက်)






၈

- **အခွင့်အလမ်း (Access)**
  - လိုအပ်သောအရာတို့ကို ရရှိနိုင်သည့် အခြေအနေရှိခြင်းဖြစ်၊
  - အခွင့်အလမ်း (Access) နှင့် အလွယ်တကူလက်လှမ်းမီရရှိနိုင်မှု (Accessibility) တို့သည် မသန်စွမ်းမှု၊ မသန်စွမ်းသူ များနှင့် ပတ်သက်၍ အဓိကကျသော၊ အလေးထားသော အကြောင်းအရာ များဖြစ်။





၉

## မသန်စွမ်းသူများ ခရီးသွားလာနိုင်ရေးတွင် အတားအဆီးဖြစ်စေသောအချက်များ

- **အတားအဆီးများ (Barriers)**
  - အတားအဆီးဟူသည့် စကားရပ်မှာ အခက်အခဲ (Hurdle)၊ ဟန့်တားသည့်အရာ (Hindrance)၊ ပိတ်ပင်ခြင်း (Obstruction) တို့ကိုဆိုလို၊ အတားအဆီးသည် လူတစ်ဦး တစ်ယောက်က အလိုရှိသော၊ ဆောင်ရွက်ချင်သော အရာ တို့ကို တားဆီးပိတ်ပင်ခြင်းဖြစ်၊ မသန်စွမ်းသူတစ်ဦးအနေဖြင့် ရောက်ရှိလိုသော၊ သွားရောက်ချင်သော နေရာသို့ မရောက်ရှိ စေရန်ဟန့်တားသောအရာများဖြစ်၊ မသန်စွမ်းသူများအတွက် အတားအဆီးများဟု ဆိုရာ တွင် ရုပ်ပိုင်း (Physical) ဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ (Psychological)၊ လူမှုရေး ပိုင်းဆိုင်ရာ (Social)နှင့် ဆက်သွယ်မှုဆိုင်ရာ (Communication) အတားအဆီးများ ဖြစ်၊




- **လူမှုရေးပိုင်းဆိုင်ရာအတားအဆီး (Social Barrier)**
  - မသန်စွမ်းသူများနှင့် ပတ်သက်သည့် အပျက်သဘောဆောင်သော သဘောထားများ (Negative Attitudes)၊ မှားယွင်းစွာ သိမြင်တွေးခေါ်ခြင်း၊ ဘက်လိုက်ခြင်း (Prejudices) တို့ကို ဆိုလို၊ ထိုသို့သော အတားအဆီးများကြောင့် သက်ဆိုင်ရာ ရပ်ရွာအတွင်း မသန်စွမ်းသူ များနှင့် ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်အကြား အပြန်အလှန် ဆက်သွယ် ဆောင်ရွက်မှုကို နည်းပါးစေ၊



၁၀

- **စိတ်ပိုင်းဆိုင်ရာအတားအဆီး (Psychological Barriers)**
  - မသန်စွမ်းသူကိုယ်တိုင် ၎င်း၏အစွမ်းအစနှင့် စွမ်းဆောင်ရည်အပေါ် ယုံကြည်မှုနည်းပါး ခြင်းကြောင့် အားငယ်စိတ်၊ သိမ်ငယ်စိတ်ဖြစ်ပေါ်လာခြင်း၊ မသန်စွမ်းသူများသည် ငယ်ရွယ်စဉ်ကပင် ကောင်းမွန်သော ပြုစုစောင့်ရှောက်မှုတို့ ကို ရရှိပါက ၎င်းတို့ကိုယ်ပိုင် အစွမ်းသတ္တိနှင့် ကိုယ်ပိုင်ယုံကြည်မှုတို့ကို ရရှိပြီး ကောင်းမွန်သော အနာဂတ်ကို ပိုင်ဆိုင် နိုင်မည်ဖြစ်၊




- **ရုပ်ပိုင်းဆိုင်ရာအတားအဆီး (Physical Barrier)**
  - ရုပ်ပိုင်းဆိုင်ရာ တည်ဆောက်မှု ပုံစံများ ကြောင့် မသန်စွမ်းသူ၏ လှုပ်ရှားသွားလာမှုကို အကန့်အသတ်ဖြစ်စေခြင်း၊
  - ရုပ်ပိုင်းဆိုင်ရာတည်ဆောက်မှုပုံစံများတွင် လူတို့တည်ဆောက်သည့် အဆောက်အအုံ၊ လမ်း၊ အများပြည်သူဆိုင်ရာ နေရာ၊ ပန်းခြံ စသည်တို့ပါဝင်၊




- **ဆက်သွယ်မှုဆိုင်ရာ အတားအဆီး (Communication Barrier)**
  - မသန်စွမ်းသူနှင့် လူမှုအသိုင်းအဝိုင်းတို့ ဆက်သွယ်ရာတွင် ပေါ်ပေါက်လာသောအတားအဆီးများ (ဘာသာစကား အခက်အခဲသာမက၊ သတင်းအချက်အလက်များရရှိမှုနှင့် မသန်စွမ်းသူ သိနားလည် စေနိုင်သည့် ပုံစံဖြစ်စေရေး လိုအပ်မှု)။



၁၁

## အတားအဆီးများ ဖယ်ရှားခြင်း (Removing Barrier)

- **လူမှုရေးပိုင်းဆိုင်ရာအတားအဆီး (Social Barrier) ဖယ်ရှားခြင်း**
  - လူမှုရေးပိုင်းဆိုင်ရာ အတားအဆီးတို့ကို ဖယ်ရှားရာတွင် အများပြည်သူအတွက် အသိပညာပေးလုပ်ငန်း အစီအစဉ်များ ဆောင်ရွက်ရန်လိုအပ်၊



- **စိတ်ပိုင်းဆိုင်ရာအတားအဆီး (Psychological Barrier) ဖယ်ရှားခြင်း**
  - စိတ်ပိုင်းဆိုင်ရာအတားအဆီးတို့ကို ဖယ်ရှားဆောင်ရွက်ရာတွင် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေး အခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အစီအစဉ်များ (Early Childhood Intervention) ချမှတ် ဆောင်ရွက်ရန်၊



၁၆

## အရှေ့တောင်အာရှနိုင်ငံများမှ အတားအဆီးကင်းစွာ သွားလာနေထိုင်နိုင်ရေး ဆောင်ရွက်ပေးမှုများ (ထိုင်းနိုင်ငံ)

**အားသာချက်**

- The Rehabilitation of Disable Persons Act ကို ၁၉၉၁ တွင်လည်းကောင်း၊ Promotion and Development of Quality of life for Disabled Person Act ကို ၂၀၀၇ တွင်လည်းကောင်းပြဌာန်းထားရှိ၊
- Accessible Tourism ကို ၂၀၀၂ ခုနှစ်တွင်စတင်လုပ်ဆောင်လျှက်ရှိ၊







၁၇

**အားသာချက်**

- ခရီးသွားများကို Accessibility Information ကြိုပေးနိုင်
- Package Tour (Accessible Van, Accessible Hotel နှင့် Personal Care များစီစဉ်ပေးနိုင်)၊
- Accessible Tourism နှင့်ပတ်သက်၍ စနစ်တကျ သုတေသန ပြုလုပ်လျှက်ရှိ၊






African Journal of Hospitality, Tourism and Leisure, Volume 9 (1) - (2020) ISSN: 2223-814X
Copyright: © 2020 AJHTL /Author/s- Open Access- Online @ http//: www.ajhtl.com

The ability to support accessible tourism in Chiang Mai, Thailand

Suprapa Somnuxpong, PhD*
Department of Tourism, Faculty of Humanities
Chiang Mai University, Thailand
Email: Suprapapor@hotmail.com

Rangsima Wiwatwongwana, PhD
Department of Social Sciences and Development,
Faculty of Social Sciences
Chiang Mai University, Thailand

Corresponding author*

Abstract

This research aimed to study the readiness of Chiang Mai to support the market of those who are disabled in some way and need special access. This article considers the support of marketing management for this group of tourists by referring to the tourist attractions that have cited the preparation for accessing the market of this group of people. The research was qualitative and the sample group consisted of 5 sample groups as follows. A group of tourists with special access demands, product and service providers in that place or the attraction, tour guides and tour agencies, government agencies and NGOs. The results from the visitors' point of view show that all the seven studied places in Chiang Mai are still not ready to be accessed because they lack facilities such as ramps, designated parking lots, pathways and suitable toilets. Moreover, from the research results according to the visitors' experience, it cannot be concluded that all these seven places have the readiness to provide the accessibility information and would in any way be able to contribute to the visitors in providing this because none of the visitors are also not prepare themselves to collect all the needed information relating to disability provision from these places before their trips. The results show that most of the tourists do not pay attention to systematically learn about their targeted destinations. Nevertheless, all the servicers are gradually developing and venues are slowly improving their services in both the needed physical aspects and data service access in order to provide more convenience to all the tourists in Chiang Mai.

- **အားနည်းချက်**
  - Public Transportation အများစုသည် Accessible မဖြစ်၊
  - လူသွားပလက်ဖောင်းများသည် Accessible မဖြစ်၊ ဈေးသည်များနေရာယူထားလျက်ရှိ၊




What place is there for disabled people in Thailand?

**The country of smileshas never adopted any real policies of adjustment or accessibility for people with reduced mobility.** The country is large and very diverse in terms of landscapes and life styles: overly big cities like Bangkok, mountainous villages or close-knit communities, accessibility is different according to the place. Contrary to what you may think, it's not in the big cities where access is the easiest.



## အရှေ့တောင်အာရှနိုင်ငံများမှ အတားအဆီးကင်းစွာ သွားလာနေထိုင်နိုင်ရေး ဆောင်ရွက်ပေးမှုများ (အင်ဒိုနီးရှားနိုင်ငံ)

- **အားသာချက်**
  - Persons with Disability Law ကို ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းထားရှိ၊
  - Accessible Indonesia Webpage ရှိပြီး Accessibility Information များ၊ ဝန်ဆောင်မှုများ၊ Tour Package များကို ပြည့်စုံစွာဖော်ပြထားရှိ၊





၂၀

- **အားသာချက်**
  - Jakata Barrier Free Tourism ကို မသန်စွမ်းအရေး တက်ကြွလှုပ်ရှားသူများက ၂၀၁၂ ခုနှစ်တွင် စတင်ဆောင်ရွက် ခဲ့ပြီး Tourism Disatination များတွင် Disability Friendly ဖြစ်စေရေး သွားရောက်စစ်ဆေးပေးခြင်း၊ လှုံ့ဆော်ပေးခြင်းများ ဆောင်ရွက်လျက်ရှိ၊





၂၁

- **အားနည်းချက်**
  - Technical Guide to Accessibility Requirement for Public Road ကို ပြုစုထားသော်လည်း စီမံကိန်းများ ဆောင်ရွက်ရာတွင် အသုံးပြုခြင်းမရှိ၊
  - စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏ အကြံဉာဏ်ကို ရယူဆောင်ရွက်ခြင်း မရှိသည့်အတွက် Public Infrastructure အများစုကို မသန်စွမ်းသူများ အသုံးပြုနိုင်ခြင်းမရှိ၊





## မသန်စွမ်းသူများ ခရီးသွားလာနိုင်ရေးအတွက် ယေဘုယျ လိုအပ်ချက်များ

၂၂

- **အထောက်အကူပြုကိရိယာ**
  - မသန်စွမ်းမှု အမျိုးအစားနှင့် မသန်စွမ်းမှုအဆင့်အလိုက် လိုအပ်သော အထောက်အကူပြုကိရိယာများ (ဥပမာ Wheel Chair, ချိုင်းထောက်)၊



- **တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းများ**
  - Accessible Toilet, Shower Chair, Hoist၊



- **ကူညီစောင့်ရှောက်သူ**
  - မသန်စွမ်းသူ၏ လိုအပ်ချက်အရ ကူညီစောင့်ရှောက်သူ၊

- **မသန်စွမ်းသူအသုံးပြုနိုင်မည့် သယ်ယူပို့ဆောင်ရေးစနစ်**
  - အများသုံးသယ်ယူပို့ဆောင်ရေးစနစ်အများစုမှာ မသန်စွမ်းသူများ အလွယ်တကူ ရယူအသုံးပြုနိုင်မည့် အခြေအနေမရှိပါက မသန်စွမ်းသူများအတွက် အပို ကုန်ကျစရိတ် (ဥပမာ Taxi ခ စသည်ဖြင့်) များရှိလာမည်ဖြစ်သည်။



## နိဂုံး

၂၃

- မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော ပတ်ဝန်းကျင်ဖန်တီး ဆောင်ရွက်ခြင်းသည် ခရီးသွားလုပ်ငန်းများအတွက်သာမကလူ့အဖွဲ့အစည်း အတွင်း မသန်စွမ်းသူများနှင့် ပတ်သက်သည့် အသိပညာ၊ မှားယွင်းသောစိတ် သဘောထားအမြင်တို့ကိုပြောင်းလဲစေနိုင်ပြီးလွယ်ကူစွာသွားလာ နေထိုင်နိုင်ရေး ဆိုင်ရာ စီမံဆောင်ရွက်မှုတို့ကြောင့် လူ့အဖွဲ့အစည်းတွင် စီးပွားရေးနှင့် လူမှုရေး ဆိုင်ရာ တန်ဖိုးတို့ကို မြှင့်တင်စေနိုင်မည် ဖြစ်ပါသည်။



- ခရီးသွားခြင်းသည် စိတ်ရွှင်လန်းစေခြင်း၊ အတွေ့အကြုံဗဟုသုတအသစ်များ ရရှိခြင်း၊ လူအများနှင့် ပေါင်းသင်းဆက်ဆံတတ်လာခြင်း စသည်တို့ကိုရရှိ စေမည်ဖြစ်သဖြင့် မသန်စွမ်းသူများအတွက်လွယ်ကူစွာ သွားလာနေထိုင်အသုံးပြု နိုင်ရေးအတွက် Barrier Free Tourism ကို အကောင်အထည်ဖော် ဆောင်ရွက် ခြင်းဖြင့် မသန်စွမ်းသူများ၏ ဘဝအရည်အသွေး (Quality of Life) ကိုမြှင့်တင်ပေးရာရောက်၊ အများနည်းတူ သွားလာနေထိုင်လုပ်ကိုင်နိုင်သည့် အခွင့်အရေးနှင့် မသန်စွမ်းသူများ၏အခွင့်အရေးကို အကောင်အထည်ဖော် ပေးရာ ရောက်ပါသည်။



၂၄

မသန်စွမ်းသူများ အတားအဆီးကင်းစွာသွားလာနိုင်ရေး အသိပညာပေး Video File



https://www.youtube.com/watch?v=x0NVShuA-xU



**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်၏ ဆွေးနွေးတင်ပြချက် Power Point**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

## အဟန့်အတားမဲ့ ခရီးသွားလုပ်ငန်း

## (Barrier Free Tourism)

TOURISM FOR ALL

Making Accessible Travel Better


TOURISM FOR ALL

PROMOTING UNIVERSAL ACCESSIBILITY

ဦးလှိုင်ဦး

ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးရုံး

### Tourism Industry



## Types of Tourism

- ❖ Barrier Free Tourism
- ❖ Accessible Tourism
- ❖ Tourism for All
- ❖ Inclusive Tourism
- ❖ Universal Tourism
- ❖ Easy Access Tourism
- ❖ Adapted Tourism etc.




## Accessible Tourism/ Barrier Free Tourism

ခရီးသွားလုပ်ငန်းဆိုင်ရာ အဆောက်အအုံများ၊ ထုတ်ကုန်များ နှင့် ဝန်ဆောင်မှုများသည် အားလုံးအတွက်လွယ်ကူ အဆင်ပြေ စေသည့်ခရီးသွားလုပ်ငန်း **(Accessible Tourism)** ဖြစ်စေရေး သည် တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း ဖော်ဆောင်ရာတွင် အဓိကကျသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။



## Barrier Free Tourism ကို ဖော်ဆောင်သင့်သည့် အခြေအနေများ

- ❖ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းဇယားများအရ ပုံစံမျိုးစုံဖြင့် မသန်စွမ်းလူဦးရေသည် ကမ္ဘာ့လူဦးရေ၏ **၁၅ % ( ၁ ဘီလီယံ)** ခန့်ရှိကြောင်း သိရှိရပါသည်။
- ❖ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှလည်း ကိုဗစ်-၁၉ မဖြစ်မီက **နှစ်စဉ်စုစုပေါင်း ခရီးသွားဧည့်သည်ဦးရေ ၁ ဘီလီယံခန့်တွင်** သက်ကြီးရွယ်အိုများနှင့် မသန်စွမ်း ခရီးသွားဧည့်သည်များသည်လည်း ရာခိုင်နှုန်းများစွာပါဝင်ကြောင်း သိရှိရပါသည်။
- ❖ ခရီးသွားလုပ်ငန်းတွင် အဆိုပါ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းခရီးသွားဧည့်သည်များ ပါဝင်နိုင်ရေး ခရီးစဉ်ဒေသများကို ကမ္ဘာ့စံနှုန်းများနှင့်အညီ **Accessible Tourism, Barrier Free Travel နှင့် Tourism For ALL** ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေး လျက်ရှိပါသည်။





## Barriers For Disabilities

TRANSPORTATION




LODGING

ARCHITECTURE

## Transportation Barriers

- ❖ Wheelchair များ သယ်ဆောင်၊ အတက်/အဆင်း ပြုလုပ်နိုင်သည့် ယာဉ်များ
- ❖ ယာဉ်ပေါ်တွင် ဦးစားပေးနေရာ ကန့်သတ်ထားရှိမှုများ (Priority Seat)
- ❖ ခရီးစဉ်ဒေသများတွင် မသန်စွမ်းသူများအတွက် ခရီးသွားလမ်းညွှန်ဆိုင်းဘုတ်များ
- ❖ ခရီးသွားအထောက်အကူပြုမြေပြင်အမှတ်အသားများ
- ❖ လမ်းဖြတ်ကူးရာတွင် လုံလောက်သော အချိန်သတ်မှတ်ပေးမှုများ











## Architecture Barriers

- ❖ ခရီးစဉ်ဒေသများတွင် Wheelchair များ သွားလာနိုင်သည့်လမ်းကြောင်းများ သတ်မှတ်ပြုလုပ်ပေးခြင်း
- ❖ ကုန်းမြင့်အတက်အဆင်းပြုလုပ်နိုင်သည့် လမ်းကြောင်း များတည်ဆောက်ပေးခြင်း
- ❖ သဲသောင်ပြင်တွင် အသုံးပြုနိုင်သော Wheelchair များ စီစဉ်ထားရှိပေးခြင်း
- ❖ မသန်စွမ်းသူများ အသုံးပြုနိုင်သည့် ကိရိယာများ၊ အပန်းဖြေနေရာများ၊ ကားရပ်နားရန် နေရာများ
- ❖ ခြေချော်မလဲနိုင်သည့် အထူးပြုလုပ်ထားသော အောက်ခံကြမ်းခင်းများ တည်ဆောက်ပေးခြင်း









## Lodging Barriers

- ❖ အဆောက်အဦများတွင် Wheelchair များ အဝင်အထွက်ပြုလုပ်နိုင်သော လုံလောက်သော အကျယ်အဝန်းရှိသည့် တံခါးများတပ်ဆင်ထားရှိခြင်း
- ❖ သတ်မှတ်ပုံစံတံခါးလက်ကိုင်တပ်ဆင်ထားခြင်း
- ❖ ဓါတ်လှေကားအတွင်း အသံဖြင့် ညွှန်ကြားချက်(သို့) လက်ဖြင့်ထိတွေ့ခံစားနိုင်သည့် အမှတ်အသားများ တပ်ဆင်ခြင်း
- ❖ ဧည့်ကြိုကောင်တာ၊ အိပ်ခန်းတွင်းရှိ ပရိဘောဂများ၊ မီးခလုတ်များနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို Wheelchair အမြင့်နှင့် လိုက်လျောညီထွေတပ်ဆင်ထားရှိခြင်း
- ❖ ဘက်စုံသုံး သန့်စင်ခန်းထားရှိခြင်း။










## Barrier Free Tourism ကမ္ဘာလုံးဆိုင်ရာကြိုးပမ်းမှုများ

သက်ကြီးရွယ်အိုများ၊ ကလေးလူငယ်များနှင့် မသန်စွမ်းသူများအားလုံး ထိတွေ့အသုံးပြုခံစားနိုင်စေရန် ခရီးသွား ပတ်ဝန်းကျင်၊ ခရီးသွားထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို နိုင်ငံတကာဒီဇိုင်းအဆင့်အတန်းများနှင့်အညီ လိုက်လျောညီထွေဖြစ်အောင် စီမံဆောင်ရွက်ခြင်းဖြစ်ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (United Nations World Tourism Organization) က အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

| | |
|---|---|
| 1991 | United Nations General Assembly |
| 1999 | Global Code of Ethics for Tourism (Article7- Right to Tourism) |
| 2007 | UN Convention on the Right of People with Disabilities |
| 2009 | UNWTO Declaration on the Facilities of Tourist Travel |

United Nations

CRPD CONVENTION ON THE RIGHTS OF PERSONS WITH DISABILITIES

## ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO)

- ❖ UNWTO အနေဖြင့် မူဝါဒဆိုင်ရာ အထောက်အကူပြု စာတမ်းများအပြင် အားလုံးအတွက် လွယ်ကူအဆင်ပြေစေသည့် ခရီးသွားလုပ်ငန်း (Accessible Tourism) မြှင့်တင်ရေး အတွက်ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှု များကိုလည်း ဆောင်ရွက်လျက် ရှိပါသည်။
- ❖ ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်သွားလာမှု လွယ်ကူအဆင်ပြေစေရေးရည်မှန်းပြီး ၂၀၁၆ ခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို **Tourism For ALL** ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။




2030 Agenda Principle Two: Leave No One Behind

Sustainable Development Goals


Global Code of Ethics for Tourism, Article 7: Right to Tourism

## Barrier Free Tourism in Myanmar

- ❖ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ
- ❖ Myanmar Tourism Master Plan (2013-2020) ၏ Cross-Cutting Theme (၇)ချက် တွင်လည်း အချက်(၁)ချက် အနေဖြင့် ထည့်သွင်းဆောင်ရွက်

***ကိုယ်လက်အင်္ဂါမသန်စွမ်းသူများအား အထောက်အကူဖြစ်စေရန် နည်းလမ်းများ***

- ❑ *ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း၌ ကိုယ်အင်္ဂါမသန်စွမ်းသူများအား လုပ်ငန်းခွင် တွင်လည်းကောင်း၊ မိမိ၏အသက်မွေးဝမ်းကြောင်း ဆိုင်ရာများတွင် လည်းကောင်း၊ အခြားသူများနှင့် တန်းတူခံစားမှုရှိစေရန်နှင့် ကိုယ်အင်္ဂါ မသန်စွမ်းခရီးသွားများ လည်း အခြားသူများကဲ့သို့ပင် ခရီးစဉ်များတွင် ပျော်ရွှင်စွာပါဝင်နိုင်ကြစေရန် ဆောင်ရွက်ရပါမည်။*



## Barrier Free Tourism in Myanmar

- ❖ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ (၂/၂၀၂၀) ၄၇(၄) အရ Barrier Free Tourism အကောင်အထည်ဖော်ရေးအတွက် ပြည်ထောင်စုအဆင့် အစည်းအဝေးကျင်းပပြုလုပ်ဆောင်ရွက်
- ❖ (၇-၇-၂၀၂၀)အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၀)တွင် တင်ပြဆွေးနွေး၊ ရှေ့ပြေး စီမံကိန်းများ ရေးဆွဲရန် ဆုံးဖြတ်
- ❖ နေပြည်တော်ကောင်စီ၊ ရန်ကုန်၊ မန္တလေး၊ ပုဂံတို့၌ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်
- ❖ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ(၁/၂၀၂၂)တွင် Barrier Free Tourism အကောင်အထည်ဖော်ရေး ဆုံးဖြတ်

## နေပြည်တော်ရေပန်းဥယျာဉ်တွင် မျက်မမြင်နှင့် မသန်စွမ်းသူများအတွက် ဆောင်ရွက်ပြီးစီးမှုများ



အဝင်မုခ်ဦး လျှောက်လမ်း



ကားလမ်းဖြတ်ကူးမည့်နေရာ



တဖက်လမ်းသို့ ဖြတ်ကူးမည့်နေရာ

ရန်ကုန်မြို့ရှိ Lotte Hotel မှ မသန်စွမ်းများအတွက်
ဆောင်ရွက်ထားသည့် Car Parking




ရန်ကုန်မြို့ရှိ Pan Pacific Hotel မှ
မသန်စွမ်းသူများအသုံးပြုနိုင်သည့် Toilet



နေပြည်တော်ရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများတွင် ဆောင်ရွက်ထားရှိမှု



**မန္တလေးမြို့၊ ကုသိုလ်တော်ဘုရားတွင်မသန်စွမ်းသူအား Wheelchair ဖြင့် ဘုရားဖူးနိုင်ရေးစီစဉ်ဆောင်ရွက်ထားမှု**



**ခရီးစဉ်ဒေသတွင်ခရီးသည်များ Wheelchair ဖြင့် လည်ပတ်နိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိမှု**



## အာဆီယံ ပူးပေါင်းဆောင်ရွက်မှု

❖အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာအစီအစဉ် ၂၀၁၆-၂၀၂၅ အရ အာဆီယံဒေသကိုတစ်ပေါင်းတည်းသော ခရီးစဉ်ဒေသ(A Single Tourism Destination) ဖြစ်စေရေး အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အာဆီယံဒေသအတွင်း **Accessible Tourism** ဖော်ဆောင်ရေးသည်လည်း မဟာဗျူဟာ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ပါဝင်ပါသည်။

❖အာဆီယံအနေဖြင့် **ခရီးသွားမြို့များ၊ ခရီးစဉ်ဒေသများ၊ တည်းခိုနေထိုင်မည့်ဟိုတယ်/မိုတယ်များ၊ စားသောက်ဆိုင်များ၊ ခရီးလှည့်လည်ရေးယာဉ်များနှင့် ခရီးလှည့်လည်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ** ဟူ၍ Category များ ဖော်ထုတ်ထားပါသည်။

❖ထိုင်းနိုင်ငံမှ ဒေသတွင်း အားလုံးအတွက် လွယ်ကူအဆင်ပြေစေသည့် ခရီးသွားလုပ်ငန်း **(Accessible Tourism)** ဖွံ့ဖြိုးတိုးတက်ရေးအတွက် ASEAN Directory for Tourism For ALL လမ်းညွှန်စာအုပ်ကို ထုတ်ပြန်သွားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **မြန်မာနိုင်ငံမှ တောင်းခံထားသည့်အချက်အလက်များကို ပေးပို့ခဲ့ပြီးဖြစ်** ပါသည်။

# မြန်မာနိုင်ငံခရီးစဉ်ဒေသများတွင် မသန်စွမ်းသူများအနေဖြင့် အဟန့်အတားမဲ့ သွားလာနိုင်ရေး ရှေ့ပြေးစီမံကိန်း (အကျဉ်းချုပ်)

| ရည်ရွယ်ချက် | |
|---|---|
| မသန်စွမ်းသူများအတွက် အတားအဆီးမရှိသော ခရီးသွားဝန်းကျင်အခြေအနေကောင်းများကို ဖန်တီးရန်နှင့် အားလုံးအတွက် လွယ်ကူအဆင်ပြေစေမည့် ခရီးသွားလုပ်ငန်း ဖော်ဆောင်ရန် | |
| **လုပ်ငန်းဆောင်ရွက်မည့်ကာလ** | |
| ၃ နှစ်စီမံကိန်း | |
| **ရှေ့ပြေးစီမံချက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ** | |
| **ဟိုတယ်/အဆောက်အဦများတွင်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ** | **ခရီးစဉ်နေရာများတွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်** |
| • ဟိုတယ်/အဆောက်အဦအဝင်တွင် ပြင်ဆင်ဆောင်ရွက်ခြင်း (Getting in)<br>• ဟိုတယ်ဧည့်ခန်းမအတွင်း ဖြည့်ဆည်းမှု (Facilities around the lobby)<br>• အိပ်ခန်းတွင်း ပြင်ဆင်မှု (Handicapped Room)<br>• ဘက်စုံသုံးအိမ်သာတည်ဆောက်ခြင်း (Barriers Free Wash Room)<br>• စားသောက်ခန်းမပြင်ဆင်ခြင်း (Dining/ Restaurants) | • သတင်းအချက်အလက် ဝန်ဆောင်မှုစင်တာ (Information Center)<br>• သတင်းအချက်အလက်စာစောင်ထုတ်ဝေခြင်း (Accessibility Factsheet)<br>• ဗိသုကာဆိုင်ရာ အတားအဆီး များဖြေလျှော့ခြင်း (Architecture Barriers)<br>• ဘက်စုံသုံးအိမ်သာတည်ဆောက်ခြင်း (Barriers Free Wash Room)<br>• မြေပြင်အမှတ်အသား/လမ်းညွှန်ချက်များစိုက်ထူခြင်း (Symbols and Signage) |

| ရှေ့ပြေးစီမံကိန်း ဖော်ဆောင်မည့် ခရီးစဉ်ဒေသများ | | | |
|---|---|---|---|
| **နေပြည်တော်** | **ရန်ကုန်မြို့** | **မန္တလေးမြို့** | **ပုဂံမြို့** |
| • ကန်သာယာအပန်းဖြေနေရာ<br>• ရေပန်းဥယျာဉ်<br>• အိပ်ခန်း(၂၀) အထက် ဟိုတယ်များ | • ရွှေတိဂုံဘုရား<br>• ဗိုလ်ချုပ်အောင်ဆန်းဈေး<br>• အိပ်ခန်း(၂၀) အထက် ဟိုတယ်များ | • ဖဖ လမ်း၊ ကျုံးဘေး နေရာ<br>• ကုသိုလ်တော်ဘုရား ဝန်းကျင်<br>• အိပ်ခန်း(၂၀) အထက် ဟိုတယ်များ | • ပုဂံ Information Counter<br>• ပုဂံဘုရားအချို့<br>• အိပ်ခန်း(၂၀) အထက် ဟိုတယ်များ |

| အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ | |
|---|---|
| • ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ<br>• မြို့နယ်စည်ပင်သာယာရေးကော်မတီများ<br>• ခရီးစဉ်ဒေသစီမံခန့်ခွဲရေးကော်မတီများ<br>• အသင်းအဖွဲ့နှင့် NGO/INGO/CSO များ | • ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန<br>• လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန<br>• ဆောက်လုပ်ရေးဝန်ကြီးဌာန<br>• သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |

## ဟိုတယ်အဆောက်အဦတွင်း ဝင်ရောက်ခြင်း (Getting In)



## ဟိုတယ်ဧည့်ခန်းမအတွင်းဖြည့်ဆည်းမှု (Lobby)






## အိပ်ခန်းတွင်း ပြင်ဆင်မှု (Handicapped Room)





## ဘက်စုံသုံးသန့်စင်ခန်းများ (Barriers Free Washroom)







## စားသောက်ခန်းမ ပြင်ဆင်ခြင်း (Dining / Restaurants)







## သတင်းအချက်အလက် ဝန်ဆောင်မှုစင်တာ (Information Center)




## သတင်းအချက်အလက်စာစောင်ထုတ်ဝေခြင်း (Accessibility Factsheet)



**How to Use this Guide**

- Accessible to wheelchair and ambulant-disabled
- Access is limited. Assistance may be required
- Accessible to ambulant-disabled
- Steps / Kerb *(No ramp provided)*
- Access is particularly difficult or complicated
- Braille numbers for visually-impaired
- Signal equipment for hearing impaired

| Hotels | Main Entrance | Reserved Disabled Car Park Lot | Lifts | Room for the Disabled | Attached Bathroom | Public Toilets for the Disabled | Accessible Facilities for the Disabled Single/Double |
|---|---|---|---|---|---|---|---|
| **Albert Court Hotel** 180 Albert Street Singapore 189971 Tel: (65) 6339 3939 | | | | Two rooms | | | Coffee House, Lobby bar |
| **Amara Hotel** 165 Tanjong Pagar Road Singapore 088539 Tel: (65) 6879 2555 | | Nil. Parking can be arranged with the hotel | | One room | | | Business Centre, Pool (step; Coffee House |
| **Carlton Hotel Singapore** 76 Bras Basah Road Singapore 189558 Tel: (65) 6338 8333 | | (steps) | High call button | | | | Business Centre, Lobby Lo; Swimming Pool, Shopping; Restaurant |
| **Changi International Airport Ambassador Transit Hotel** Terminal One Singapore 918155 Tel: (65) 6542 5538 | | Nil | | | | | Airlines can provide assistance |
| **Changi International Airport Ambassador Transit Hotel** Terminal Two Singapore 918155 Tel: (65) 6542 8122 | | Nil | | | | | Business Centre |
| **Changi Village Hotel** 1 Netheravon Road Singapore 508502 Tel: (65) 6379 7111 | | Basement | | | Grab bar | | Swimming Pool (steps), Restaurar; Coffee House (ask hotel to arrange ramp) |
| **Conrad Centennial Singapore** 2 Temasek Boulevard Singapore 039982 Tel: (65) 6334 8888 | | Basement | | | (Glassless shower, grab bar) | | Business Centre, Lobby Lo; Swimming Pool, Restaurar |
| **Copthorne Orchid Hotel Singapore** 214 Dunearn Road Singapore 299526 Tel: (65) 6415 6000 | | Nil. Parking can be arranged with the hotel | | Grab bar | | | Coffee House, Restaurar; Swimming Pool, Business |

## ဗိသုကာဆိုင်ရာ အတားအဆီးများဖြေလျှော့ခြင်း (Architecture Barriers)





## ဘက်စုံသုံးသန့်စင်ခန်းများ (Barriers Free Washroom)





## မြေပြင်အမှတ်အသား/လမ်းညွှန်ချက် (Symbols and Signage)










## ခရီးသွားလုပ်ငန်းကဏ္ဍတွင် မသန်စွမ်းသူများ၏အခွင့်အရေး

- ❖ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှိ လုပ်သားများကို မသန်စွမ်းသူများအား အလေးထားဂရုပြု ဆောင်ရွက်ရန် အသိပညာပေးခြင်း
- ❖ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍရှိ သင့်တော်သောလုပ်ငန်းများ၌ အလုပ်အကိုင် ဖန်တီးပေးခြင်း
- ❖ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် ပါဝင်လာနိုင်ရေးအတွက် မသန်စွမ်းသူများ ၏စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ လက်မှုပညာ၊ Souvenir (ထုတ်လုပ်မှု အားပေး / Marketing & Promotion)

## ခရီးသွားလုပ်ငန်းကဏ္ဍတွင် မသန်စွမ်းသူများ၏အခွင့်အရေး

- ❖ Public+Private+People (PPP) တွင် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်း/ပြည်နယ် အစိုးရအဖွဲ့များ (ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများ)၊ ဘာသာရေးအသင်းအဖွဲ့များ(ဥပမာ-ဂေါပက အဖွဲ့)၊ ပုဂ္ဂလိကဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ NGOs/INGOs များနှင့် ပူးပေါင်းသင့်
- ❖ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု (ASEAN) (နည်းပညာ/ဘဏ္ဍာငွေကြေး/ဗဟုသုတ)
- ❖ Barrier Free Tourism ဖော်ဆောင်မှုမြင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံ ခရီးစဉ်ဒေသများ၏ အရည်အသွေး (Destination Quality) / ဝန်ဆောင်မှု အရည်အသွေး (Service Quality) မြှင့်တင်ခြင်း၊ ဒေသခံများနှင့် ခရီးသွားများ၏ ယုံကြည်စိတ်ချမှုရရှိကာ Sustainable ခရီးစဉ်ဖြစ်ရေးနှင့် ယှဉ်ပြိုင်မှုစွမ်းရည် (Competitiveness) မြှင့်တင်ခြင်း

# ကျေးဇူးတင်ပါသည်။

**နေပြည်တော်ကောင်စီ၊ လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်မှ ဆွေးနွေးတင်ပြချက် Power Point**

**မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများတွင် မသန်စွမ်း ခရီးသွား ဧည့်သည်များ**

**အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်စေရန် ရည်ရွယ်၍**

**"Barrier Free Tourism" အလုပ်ရုံဆွေးနွေးပွဲ**

**တွင် တင်ပြမည့်**

**နေပြည်တော်ကောင်စီ၏ တင်ပြဆွေးနွေးချက်များ**

**(၂၁-၄-၂၀၂၂)ရက်နေ့ နေပြည်တော်ကောင်စီ**

**မသန်စွမ်းသူများပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ**

၁။ မြန်မာနိုင်ငံတွင် **"မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ"** အား ၂၀၁၅ ခုနှစ်၊ ဇွန်လ(၅)ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့။ **"မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ"**၂၀၁၇ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပါသည်။ ။

၂။ **ဥပဒေပါအဓိပ္ပာယ်ဖွင့်ဆိုချက်- "မသန်စွမ်းသူ"** ဆိုသည်မှာ မွေးရာပါ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်း အားနည်းချက်များကို ရေရှည်ခံစားနေရသူ ကိုဆိုသည်။ **"မသန်စွမ်းမှု"** ဆိုသည်မှာ ပတ်ဝန်းကျင်ရုပ်ပိုင်းဆိုင်ရာ၊ စိတ်သဘောထား အမြင်ပိုင်းဆိုင်ရာနှင့် အခြားအတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝပါဝင် လှုပ်ရှားနိုင်မှု မရှိခြင်းကို ဆိုသည်။

၃။ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော မသန်စွမ်းသင်တန်းကျောင်း

**(၈)ကျောင်းစာရင်း –**

(က) မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်)

(ခ) မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး)

(ဂ) မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်)

(ဃ) နားမကြားသောကလေးများကျောင်း (ရန်ကုန်)

(င) နားမကြားသောကလေးများကျောင်း (မန္တလေး)

(စ) ကြည့်မြင်တိုင်မျက်မမြင်ကျောင်း (ရန်ကုန်)

(ဆ) စစ်ကိုင်းမျက်မမြင်သင်တန်းကျောင်း

(ဈ) မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးဂေဟာ (ရန်ကုန်)

